ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# စီရင်ချက်များကို လိုက်နာဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ပြဿနာများ - ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး (ယူကရိန်းအတွေ့အကြုံ)


စာတမ်းပြုစုသူများ-

၁။ ဦးအောင်ပိုင်
ညွှန်ကြားရေးမှူး
လုပ်ထုံးနှင့်သုတေသနဌာန

၂။ ဒေါ်မေသဇင်ဖြိုး
ဦးစီးအရာရှိ
ရုံးအဖွဲ့၊ အဖွဲ့ခွဲ (၁)


ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်။

စီရင်ချက်များကို လိုက်နာဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ပြဿနာများ-
ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေး (ယူကရိန်းအတွေ့အကြုံ)
မာတိကာ


နိဒါန်း

၁။ ယူကရိန်းနိုင်ငံအကြောင်းအကျဉ်းချုပ်

၂။ ယူကရိန်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေများ

၃။ နိုင်ငံဖွဲ့စည်းမှု

၄။ နိုင်ငံတော်အာဏာများကိုပိုင်ခြားကျင့်သုံးခြင်း

၅။ ဥပဒေပြုရေး

၆။ အုပ်ချုပ်ရေး

၇။ တရားစီရင်ရေး

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၈.၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်

၈.၂။ အမှုတင်သွင်းခွင့်ရှိသူများ

၉။ စီရင်ချက်များကို လိုက်နာဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ပြဿနာများအကြောင်း လေ့လာတင်ပြခြင်း(စာတမ်း)

၁၀။ လေ့လာတွေ့ရှိချက်

ကျမ်းကိုးစာရင်း

ခက်ဆစ်အဓိပ္ပာယ်များ

## စီရင်ချက်များကို လိုက်နာဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ပြဿနာများ - ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေး (ယူကရိန်းအတွေ့အကြုံ)

### နိဒါန်း

ယခုတင်ပြမည့် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များကို လိုက်နာဆောင်ရွက်ရာတွင် တွေ့ကြုံနေရသောပြဿနာများနှင့် စပ်လျဉ်း၍ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နှင့် ၈ ရက်နေ့များတွင် AACC အဖွဲ့ဝင်နိုင်ငံများပါဝင်သော Online စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် ၉ ကြိမ်မြောက်နွေရာသီသင်တန်းတွင် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ တက်ရောက်လာသော ကိုယ်စားလှယ် Liuchyia Spesyvtseva၊ Volodymyr Andrushchenk တို့က တင်ပြခဲ့သော စာတမ်းအား ဘာသာပြန်ဆို၍ လေ့လာတင်ပြခြင်းဖြစ်ပါသည်။ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၂၁ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ထုတ်ဝေခဲ့သော ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ(၃) တွင် အကျဉ်းချုပ်ထုတ်ဝေပြီးဖြစ်ပါသည်။

### ၁။ ယူကရိန်းနိုင်ငံအကြောင်းအကျဉ်းချုပ်

ယူကရိန်းနိုင်ငံသည် အရှေ့ဥရောပတွင်တည်ရှိပြီး ရုရှားနိုင်ငံပြီးလျှင် ဥရောပတိုက်တွင် ဒုတိယအကြီးဆုံးနိုင်ငံဖြစ်သည်။ ယူကရိန်းနိုင်ငံသည် ၆၀၃,၆၂၈ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး မြောက်ဘက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တောင်ဘက်တွင် Azov ပင်လယ်၊ အနောက်တောင်ဘက်တွင် မော်ဒိုလ်ဗာနိုင်ငံနှင့် ရိုမေးနီးယားနိုင်ငံ၊ အနောက်ဘက်တွင် ပိုလန်နိုင်ငံ၊ စလိုဗက်ကီးယားနိုင်ငံ၊ ဟန်ဂေရီနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ယူကရိန်းနိုင်ငံ၏ မြို့တော်မှာ Kyiv ဖြစ်သည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေမှာ ၄၂ သန်း ကျော်နေထိုင်သည်။ နိုင်ငံ၏ ဘာသာစကားမှာ ယူကရိန်းဘာသာစကားဖြစ်ပြီး လူအများစုသည် ရုရှားဘာသာစကားကိုလည်း ကျွမ်းကျင်စွာ ပြောဆိုကြသည်။ ခရစ်ယာန်ဘာသာကိုအများဆုံး ကိုးကွယ်ကြသည်။ သုံးစွဲသောငွေကြေးမှာ Hryunia ဖြစ်သည်။[1]

[1]https://www.britannica.com/place/Ukraine




**ယူကရိန်းနိုင်ငံ၏ တည်နေရာပြမြေပုံ**

## ၂။ ယူကရိန်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေများ

ယူကရိန်းနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေစုစုပေါင်း ၅ ခုပြဋ္ဌာန်းခဲ့ပါသည်။ ပထမဆုံး ယူကရိန်းဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ (UkrSSR) ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ၁၉၁၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပြီး မတ်လ ၁၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ဒုတိယအကြိမ်မြောက် ၁၉၂၉ ခုနှစ် ယူကရိန်းဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ (UkrSSR) ဖွဲ့စည်းပုံအခြေခံဥပဒေကို မေလ ၁၅ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ တတိယ အကြိမ်မြောက် ၁၉၃၇ ခုနှစ် ယူကရိန်းဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ (UkrSSR) ဖွဲ့စည်းပုံအခြေခံဥပဒေကို ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ယခုယူကရိန်းနိုင်ငံ၏မြို့တော် (Kyiv) မြို့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ စတုတ္ထအကြိမ်မြောက် ၁၉၇၈ ခုနှစ် ယူကရိန်း ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (Constitution of the UkrSSR) ကို ဧပြီလ ၂၀ ရက် နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယူကရိန်းနိုင်ငံသည် ၁၉၉၁ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ယူကရိန်းနိုင်ငံ လွတ်လပ်ရေးကို ကြေညာပြီးနောက်ပိုင်းတွင် ပဉ္စမမြောက် ၁၉၉၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၆ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ယူကရိန်းဖွဲ့စည်းပုံအခြေခံဥပဒေ (Constitution of Ukraine)သို့ အမည်ပြောင်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုသည့်နေ့ ၁၉၉၆ ခုနှစ် ဇွန်လ ၂၈ ရက်နေ့ကို အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၉၆ ခုနှစ် ယူကရိန်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ယနေ့အထိကျင့်သုံးခဲ့ပြီး ၂၀၀၄ ခုနှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊

၂၀၁၄ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ၂ ကြိမ် စုစုပေါင်း ၇ ကြိမ် ပြင်ဆင်ခဲ့ပြီး ဖြစ်ပါသည်။[2]

## ၃။ နိုင်ငံဖွဲ့စည်းမှု

ယူကရိန်းနိုင်ငံသည် တစ်ပြည်ထောင်စနစ်ကိုကျင့်သုံးသောနိုင်ငံဖြစ်ပြီး ဥပဒေစနစ်မှာ Civil Law System ဖြစ်သည်။[3] ယူကရိန်းနိုင်ငံတွင် လွှတ်တော်တစ်ရပ်ပါဝင်သော ဥပဒေပြုအဖွဲ့၊ အုပ်ချုပ်ရေးကဏ္ဍတွင် နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့တို့ပါဝင်ပြီး တရားစီရင်ရေးကဏ္ဍတွင် တရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတို့ပါဝင်သည်။

## ၄။ နိုင်ငံတော်အာဏာများပိုင်းခြားကျင့်သုံးခြင်း

ယူကရိန်းနိုင်ငံသည် နိုင်ငံတော်အာဏာကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများဟူ၍ ပိုင်းခြားကျင့်သုံးသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာပိုင်အဖွဲ့အစည်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ယူကရိန်းနိုင်ငံမှ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ ၎င်းတို့၏ အခွင့်အာဏာများကို ကျင့်သုံးသည်။ [4]

## ၅။ ဥပဒေပြုရေး

### ပါလီမန်

ယူကရိန်းနိုင်ငံတွင် တစ်ခုတည်းသော ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်းမှာ ယူကရိန်းပါလီမန် (Verkhovna Rada) ဖြစ်သည်။[5] ပါလီမန်တွင် ကိုယ်စားလှယ် (၄၅၀) ဦး ပါဝင်ပြီး ၎င်းတို့ကို ၅ နှစ်သက်တမ်းအတွက် လွတ်လပ်ပြီးတရားမျှတသော တိုက်ရိုက်လျှို့ဝှက်ဆန္ဒမဲပေးခြင်းမှတစ်ဆင့် ရွေးချယ်သည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အနည်းဆုံးအသက် ၂၁ နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူ၊ ယူကရိန်းနိုင်ငံတွင် အနည်းဆုံး ၅ နှစ် နေထိုင်ပြီး ရည်ရွယ်ချက်ရှိရှိဖြင့် ရာဇဝတ်မှုကျူးလွန်သည့် ပြစ်မှုမှတ်တမ်းမရှိသူ ယူကရိန်းနိုင်ငံသားများသည် ပါလီမန်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။ ပါလီမန်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းသည်။[6] ယူကရိန်းပါလီမန်ကိုယ်စားလှယ်များ၏အာဏာ (the authority of National

---

[2] https://en.wikipedia.org/wiki/Constitutions_of_the_Ukrainian_Soviet_Socialist_Republic#Consti tution of 1991

[3] https://en.wikipedia.org/wiki/Law_of_Ukraine

[4] Article 6 of the Constitution of Ukraine 1996

[5] Ibid, Article 75.

[6] Ibid, Article 76.

Deputies of Ukraine)သည် ယူကရိန်းပါလီမန် (the authority of the Verkhavna Rada of Ukraine) ၏ အာဏာကို ရပ်စဲသည်နှင့်တစ်ပြိုင်နက် ၎င်းတို့၏ အာဏာလည်းရပ်စဲသည်။[7]

## ၆။ အုပ်ချုပ်ရေး

### နိုင်ငံတော်သမ္မတ

ယူကရိန်းနိုင်ငံ၏ သမ္မတသည် နိုင်ငံ၏အကြီးအကဲဖြစ်ပြီး၊ လုပ်ငန်းဆောင်ရွက်ချက်များကို ၎င်း၏အမည်ဖြင့် ဆောင်ရွက်သည်။ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူသားနှင့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို လေးစားလိုက်နာပြီး၊ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေမခွဲထွက်ရေး (territorial indivisibility of Ukraine) တို့ အတွက် အာမခံသူဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။[8]

နိုင်ငံတော်သမ္မတကို ၅ နှစ် သက်တမ်းအတွက် လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်တင်မြှောက်သည်။ သမ္မတရာထူးအတွက် အသက် ၃၅ နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူ၊ ယူကရိန်းနိုင်ငံတွင် တစ်ဆက်တည်း ၁၀ နှစ်နေထိုင်သူ၊ နိုင်ငံတော်ဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်သူ ယူကရိန်းနိုင်ငံသားမည်သူမဆို သမ္မတအဖြစ် ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့်ရှိပြီး သမ္မတသက်တမ်းတဆက်တည်း ၂ ကြိမ်ထက်ပို၍ မထမ်းဆောင်ရကြောင်း ပြဋ္ဌာန်းထားသည်။[9] နိုင်ငံတော်သမ္မတသည် ယူကရိန်းနိုင်ငံအမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ၏ ဥက္ကဋ္ဌလည်းဖြစ်သည်။[10] ပါလီမန်သည် နိုင်ငံတော်သမ္မတကို နိုင်ငံတော်ပုံကန်မှု သို့မဟုတ် အခြားသောရာဇဝတ်မှုကျူးလွန်လျှင် စွပ်စွဲပြစ်တင်ခြင်း နည်းလမ်းဖြင့် ရာထူးမှထုတ်ပယ်နိုင်သည်။[11]

### အစိုးရအဖွဲ့

ယူကရိန်းအစိုးရအဖွဲ့သည် အမြင့်ဆုံးအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။ အစိုးရအဖွဲ့သည် နိုင်ငံတော်သမ္မတနှင့်ပါလီမန်ကို တာဝန်ခံရမည်ဖြစ်ပြီး ပါလီမန်၏ထိန်းချုပ်မှုအောက်တွင်ရှိသည်။[12] အစိုးရအဖွဲ့ကို ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ် ၂ ဦးနှင့် ဝန်ကြီးများဖြင့် ဖွဲ့စည်းထားသည်။ ဝန်ကြီးချုပ်ကို နိုင်ငံတော်သမ္မတ၏ ထောက်ခံချက်ဖြင့် ပါလီမန်ကခန့်အပ်သည်။ ထို့အပြင် ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးများကို နိုင်ငံတော်သမ္မတ၏ ထောက်ခံချက်ဖြင့် ပါလီမန်ကခန့်အပ်သည်။ အစိုးရအဖွဲ့၏

[7] Article 81 of the Constitution of Ukraine 1996

[8] Ibid, Article 102.

[9] Ibid, Article 103.

[10] Ibid, Article 107.

[11] Ibid, Article 111.

[12] Ibid, Article 113.

အခြားဝန်ကြီးများကို ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် ပါလီမန်က ခန့်အပ်သည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် ပါလီမန်ကပြဋ္ဌာန်းထားသည့် အစိုးရအဖွဲ့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တိုက်ရိုက်ညွှန်ကြားသည်။[13]

## ၇။ တရားစီရင်ရေး

ယူကရိန်းနိုင်ငံ၏ တရားစီရင်ရေးကို တရားရုံးများကသာ သီးခြားဆောင်ရွက်ကြောင်းနှင့် တရားရုံးလုပ်ငန်းတာဝန်များကို ကိုယ်စားလှယ်လွှဲအပ်ဆောင်ရွက်စေခြင်းကိုလည်းကောင်း၊ တရားစီရင်ရေးလုပ်ငန်းနှင့် သင့်လျော်သည်ဟုယူဆသည့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်သို့မဆို လွှဲအပ်ဆောင်ရွက်စေခြင်းကို ခွင့်မပြုကြောင်း ပြဋ္ဌာန်းထားသည်။ ပြည်သူများသည် ဂျူရီအဖွဲ့ဝင်များအဖြစ်သာ တရားစီရင်ရေးလုပ်ငန်းတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။[14] တရားလွှတ်တော်ချုပ်သည် ယူကရိန်းတရားစီရင်ရေးစနစ်တွင် အမြင့်ဆုံးတရားရုံးဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။[15] တရားလွှတ်တော်ချုပ်၏ ဥက္ကဋ္ဌကို ဥပဒေပါပြဋ္ဌာန်းချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားလွှတ်တော်ချုပ် စုံညီရုံးထိုင်ခြင်းဖြင့် ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းကို လျှို့ဝှက်ဆန္ဒမဲဖြင့် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။[16]

## ၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏ပထမဆုံး ဆုံးဖြတ်ချက်အဖြစ် ၁၉၉၇ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ချမှတ်ခဲ့သည်။[17]

ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တရားသူကြီး ၁၈ ဦးဖြင့်ဖွဲ့စည်းထားသည်။ ထိုတရားသူကြီးများသည် နိုင်ငံတော်ဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်သော ယူကရိန်းနိုင်ငံသားဖြစ်ရမည်၊ ခန့်အပ်သည့်နေ့တွင် အသက် ၄၀ နှစ်ပြည့်ပြီး ဥပဒေပညာတွင် အဆင့်မြင့်မားသူ၊ ဥပဒေနယ်ပယ်တွင် အဆင့်မြင့်ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းအတွေ့အကြုံ အနည်းဆုံး ၁၅ နှစ်ရှိသူ၊ ကိုယ်ကျင့်တရားကောင်းမွန်သူ၊ တရားသူကြီးတစ်ဦးဖြစ်ရန် အရည်အချင်းများနှင့်ပြည့်စုံသည့် ရှေ့နေတစ်ဦးအဖြစ် အသိအမှတ်ပြုခြင်းခံရသူသည် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားသူကြီးအဖြစ် အရည်

[13] Article 114 of the Constitution of Ukraine 1996

[14] Ibid, Article 124.

[15] Ibid, Article 125.

[16] Ibid, Article 128.

[17] https://ccu.gov.ua/en/novian/constitutional-court-ukraine-3

အချင်းပြည့်ဝသူများဖြစ်သည်။ တရားသူကြီး ၆ ဦးစီကို နိုင်ငံတော်သမ္မတကလည်းကောင်း၊ ပါလီမန်ကလည်းကောင်း၊ ယူကရိန်းနိုင်ငံ တရားသူကြီးအစုအဖွဲ့ကလည်းကောင်း ခန့်အပ်သည်။ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌအား တရားရုံး၏ တရားသူကြီးများအနက်မှ ၃ နှစ်တစ်ကြိမ် သက်တမ်းအတွက် တရားသူကြီးများ၏ လျှို့ဝှက်မဲဆန္ဒဖြင့် တရားရုံးစုံညီအထူးရုံးထိုင်ခြင်းဖြင့် ရွေးချယ်သည်။ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးရှိ တရားသူကြီးတစ်ဦး၏ သက်တမ်းမှာ ၉ နှစ်ဖြစ်ပြီး ထပ်မံရွေးချယ်ခံပိုင်ခွင့်မရှိဟု ပြဋ္ဌာန်းထားသည်။[18] ၉ နှစ်သက်တမ်းမကုန်ဆုံးမီတွင် အသက် ၇၀ နှစ်ပြည့်ပါက အငြိမ်းစားယူရမည်ဖြစ်သည်။[19]

### ၈.၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏စီရင်ပိုင်ခွင့်

ယူကရိန်းဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်တရားရုံးက အောက်ဖော်ပြပါ အငြင်းပွားမှုများကို ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ ဆုံးဖြတ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ ၎င်းတို့မှာ-

(က) ပါလီမန်ကပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် အခြားဥပဒေကဲ့သို့အာဏာရှိသည့် ဥပဒေများ၊ ဆောင်ရွက်ချက်များသည် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိဆုံးဖြတ်ခြင်း၊

(ခ) ယူကရိန်းသမ္မတ၏ ဆောင်ရွက်ချက်များသည် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ ဆုံးဖြတ်ခြင်း၊

(ဂ) အစိုးရအဖွဲ့ဝန်ကြီးများ၏ ဆောင်ရွက်ချက်များသည် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ ဆုံးဖြတ်ခြင်း၊

(ဃ) ခရိုင်မီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသမ္မတနိုင်ငံ ပါလီမန်က ပြဋ္ဌာန်းသည့် ဥပဒေကဲ့သို့ အာဏာရှိသည့် ဥပဒေများနှင့် ဆောင်ရွက်ချက်များသည် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ ဆုံးဖြတ်ခြင်း၊

(င) ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ယူကရိန်းဥပဒေများကို တရားဝင်အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(စ) ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် အခြားသောအခွင့်အာဏာများကို ကျင့်သုံးခြင်းတို့ဖြစ်သည်။

---

[18] Article 148 of the Constitution of Ukraine 1996

[19] https://en.wikipedia.org/wiki/Constitutional Court of Ukraine

### ၈.၂။ အမှုတင်သွင်းခွင့်ရှိသူများ

ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုတင်သွင်းခွင့် ရှိသူများ မှာ-

(က) နိုင်ငံတော်သမ္မတ၊

(ခ) (၄၅) ဦးထက်မနည်းသည့် ယူကရိန်းပါလီမန်ကိုယ်စားလှယ်များ၊

(ဂ) တရားလွှတ်တော်ချုပ်၊

(ဃ) ယူကရိန်းပါလီမန်၏ လူ့အခွင့်အရေးဆိုင်ရာအခွင့်ရကိုယ်စားလှယ်များ၊

(င) ခရိုင်မီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါလီမန်တို့က တင်သွင်းခွင့်ရှိသည်။[20]

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ချမှတ်ခဲ့သောစီရင်ချက်များနှင့် သဘောထားမှတ်ချက်များသည် စည်းနှောင်မှုရှိပြီး နောက်ဆုံးဖြစ်ရမည့်အပြင် ပြန်လည်စစ်ဆေးရန် တောင်းဆိုနိုင်ခြင်းမရှိ (shall be binding, final and may not be challenged) ဟု ပြဋ္ဌာန်းထားသည်။[21]

## ၉။ စီရင်ချက်များကို လိုက်နာဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်ပြဿနာများအကြောင်း လေ့လာတင်ပြခြင်း (စာတမ်း)

ယခုတင်ပြမည့်စာတမ်းတွင် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားစီရင်ရေးဆောင်ရွက်ချက်များ(Judicial acts)ကို လိုက်နာဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့်ဥပဒေ၊ ၎င်း၏တရားစီရင်ရေးဆောင်ရွက်ချက်များကို လိုက်နာစေခြင်းနှင့် သက်ဆိုင်သည့် လက်တွေ့ကျင့်သုံးမှုများကို သုံးသပ်တင်ပြခြင်းဖြစ်သည်ကိုတွေ့ရှိရသည်။ အထူးသဖြင့် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားစီရင်ရေးဆောင်ရွက်ချက်များကို လိုက်နာစေခြင်းအတွက် တိကျသောလုပ်ထုံးလုပ်နည်းများကို ချမှတ်ထားသည်ဖြစ်စေ၊ ချမှတ်မထားသည်ဖြစ်စေ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ချမှတ်သော စီရင်ချက်များနှင့် သဘောထားမှတ်ချက်များသည် စည်းနှောင်မှုရှိရမည်ဟု ဖော်ပြထားသည်။

တရားစီရင်ရေးဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ခြင်း အနေအထားသည် စီရင်ချက်တွင် ချမှတ်ထားသည့် အကြောင်းအရာများ၏ ပြီးပြည့်စုံမှုအပေါ် မူတည်သည်။ သို့ဖြစ်၍ လိုက်နာဆောင်ရွက်ရာတွင် အမျိုးမျိုးသော လိုက်နာဆောင်ရွက်ချက်များဖြင့် ဆောင်ရွက်ရန် လိုအပ်ပေသည်။ ပါလီမန်နှင့် အခြားအစိုးရအာဏာပိုင်များသည် သက်ဆိုင်ရာ

[20] Article 150 of the Constitution of Ukraine 1996
[21] Ibid, Article 151(2)

ဥပဒေစည်းမျဉ်းများကို ပြင်ဆင်ရန် ၎င်းတို့တွင် တာဝန်ရှိသည်နှင့်အညီ စီရင်ချက်များကို သင့်တင့်လျောက်ပတ်စွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်သော်လည်း အမြဲတစေလိုက်နာ ဆောင်ရွက်ခြင်းမရှိပေ။

လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေစည်းမျဉ်းများအရ တရားရုံးသည် ၎င်း၏စီရင်ချက်နှင့် သဘောထားမှတ်ချက်များကို လိုက်နာဆောင်ရွက်စေရန်အတွက် အတင်းအကြပ်ကျင့်သုံးရန် လုပ်ပိုင်ခွင့်အာဏာမရှိဘဲ၊ တရားရုံးသည် စီရင်ချက်များကို လိုက်နာဆောင်ရွက်ခြင်းနှင့် သဘောထားမှတ်ချက်များကို လိုက်လျောညီထွေဆောင်ရွက်ခြင်းတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ အထောက်အထားစာတမ်းကို တောင်းဆိုကြည့်ရှုနိုင်သည့် အာဏာသာရှိသည်။

**၉-၁။ ယူကရိန်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားစီရင်ရေး ဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဥပဒေအား အကျဉ်းချုံးသုံးသပ်တင်ပြခြင်း**

ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ယူကရိန်းဖွဲ့စည်းပုံအခြေခံဥပဒေ၏ Supremacy ဖြစ်မှုကို အာမခံရသည့်အပြင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်သည့်ကိစ္စများအပေါ် တရားစီရင်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းဖြစ်ပြီး၊ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားသောဥပဒေများ သို့မဟုတ် လိုအပ်သည့်အခြားအက်ဥပဒေများသည် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိ ဆုံးဖြတ်ခြင်း၊ ယူကရိန်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့နှင့်အတူ ယူကရိန်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသော အခြားအခွင့်အာဏာများကို ကျင့်သုံးခြင်းတို့ ဆောင်ရွက်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ထားသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ၎င်း၏ဆောင်ရွက်ချက်များသည် တရားဥပဒေ စိုးမိုးရေးနှင့်စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများ၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၊ စည်းလုံးညီညွတ်မှု၊ ပွင့်လင်းမြင်သာမှု၊ ကျိုးကြောင်းဆီလျော်မှုနှင့် ၎င်း၏စီရင်ချက်များနှင့် သဘောထားမှတ်ချက်များ၏ စည်းနှောင်မှုရှိခြင်းဆိုသည့် သဘောသဘာဝအပေါ်အခြေခံ၍ ဆောင်ရွက်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ချမှတ်ခဲ့သော စီရင်ချက်များနှင့် သဘောထားမှတ်ချက်များသည် စည်းနှောင်မှုရှိ၍ နောက်ဆုံးဖြစ်ပြီး ပြန်လည်စစ်ဆေးရန် တောင်းဆိုနိုင်ခြင်းမရှိပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိဟုကြေညာခြင်းခံရသည့် ဥပဒေများ၊ အခြားဥပဒေကဲ့သို့အာဏာရှိသည့် ဆောင်ရွက်ချက်များ သို့မဟုတ် အဆိုပါဆောင်ရွက်ချက်များအတွက် သီးခြားပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိဟု ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ဥပဒေအဖြစ်စည်းနှောင်

မှုမရှိတော့ပေ။ သို့ရာတွင် တရားရုံး၏ စီရင်ချက်အရမဟုတ်ဘဲဖြစ်စေ၊ စီရင်ချက်ချမှတ်သည့်နေ့ထက်စော၍ဖြစ်စေ ဥပဒေအဖြစ်စည်းနှောင်မှုမရှိခြင်း မဖြစ်စေရပေ။

ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေတို့သည် တရားရုံး၏စီရင်ချက်များကို လိုက်နာဆောင်ရွက်ခြင်း လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ၎င်း၏စီရင်ချက်ကိုလိုက်နာစေခြင်း သို့မဟုတ် သဘောထားမှတ်ချက်နှင့်အညီ လိုက်လျောညီထွေ လိုက်နာဆောင်ရွက်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ အစိုးရအာဏာပိုင်များက အဆိုပါစီရင်ချက်ကို လိုက်နာဆောင်ရွက်ခြင်း သို့မဟုတ် သဘောထားမှတ်ချက်များနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်ခြင်းကို စောင့်ကြည့်ရန် တရားရုံးသို့ အခွင့်အာဏာအပ်နှင်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားရုံးသည် (သက်ဆိုင်ရာသတင်းအချက်အလက်များကိုစုစည်းပြီး) ၎င်းစီရင်ချက်အား လိုက်နာဆောင်ရွက်မှုအခြေအနေ သို့မဟုတ် သဘောထားမှတ်ချက်များနှင့်အညီ လိုက်လျောညီထွေ လိုက်နာဆောင်ရွက်မှုအခြေအနေကို စောင့်ကြည့်နိုင်သည်။ အထက်ဖော်ပြပါ စောင့်ကြည့်မှုများသည် တရားရုံး၏ အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ လုပ်ငန်းတာဝန်များအနက် တစ်ခုဖြစ်သည်။ ယင်းကဲ့သို့ စောင့်ကြည့်မှုရလဒ်အနေဖြင့် တရားရုံးသည် ၎င်း၏စီရင်ချက်များကို လိုက်နာဆောင်ရွက်မှုမရှိခြင်းနှင့် သဘောထားမှတ်ချက်များနှင့်အညီ လိုက်လျောညီထွေစွာ လိုက်နာဆောင်ရွက်မှုမရှိသည့် ပြဿနာများကို ရုံးထိုင်အစည်းအဝေးတွင်ဆုံးဖြတ်သည်။ သို့ဖြစ်၍ စီရင်ချက်များကို လိုက်နာဆောင်ရွက်ခြင်းနှင့် သဘောထားမှတ်ချက်များကို လိုက်လျောညီထွေဆောင်ရွက် ခြင်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များရယူစေရန်၊ မေးခွန်းများဖြေကြားပေးရန် သို့မဟုတ် ၎င်းတို့၏ အရေးယူဆောင်ရွက်ချက်များကို ရှင်းလင်းချက်ပေးရန်အလို့ငှာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသန္တရအစိုးရများ၊ ၎င်းတို့၏တာဝန်ရှိသူများထံသို့ စာဖြင့်အကြောင်းပြန်ကြားရန် တောင်းယူနိုင်သည်။ အကြောင်းပြန်ကြားစာတွင် နောက်ဆုံးအကြောင်းပြန်ကြားရမည့်ရက်ကို သတ်မှတ်ပေးရမည်။ တရားရုံး၏စီရင်ချက်အရ လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ သဘောထားမှတ်ချက်နှင့်အညီ လိုက်လျောညီထွေစွာ ဆောင်ရွက်မှုမရှိခြင်းတို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ပြန်ကြားပေးရာတွင်ဖြစ်စေ တရားရုံး၏ စီရင်ချက်ကို လိုက်နာဆောင်ရွက်ရန် သို့မဟုတ် သဘောထားမှတ်ချက်များကို လိုက်လျောညီထွေလိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအတွက် တရားရုံးသည် တာဝန်ရှိသူများကို တရားစွဲဆိုရန် သင့်၊ မသင့် စဉ်းစားရသည်။ တစ်ဆက်တည်းပင် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး၏ နှစ်ပတ်လည်အစီရင်ခံစာတွင် သက်ဆိုင်ရာ

သတင်းအချက်အလက်များအရပေါ်ပေါက်သည့် ပြဿနာများအပေါ်၌လည်း တရားရုံးအနေဖြင့် ဖြေရှင်းဆုံးဖြတ်ပေးရသည်။

ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ အပိုဒ် ၉၈ အရ တရားရုံး၏ စီရင်ချက်များကို လိုက်နာဆောင်ရွက်ရန် သို့မဟုတ် သဘောထားမှတ်ချက်များကို လိုက်လျောညီထွေ ဆောင်ရွက်ရန်ပျက်ကွက်ပါက ဥပဒေအရ တာဝန်ရှိသည်။ အထူးသဖြင့် တရားရုံး၏ စီရင်ချက်များကို လိုက်နာဆောင်ရွက်ရန် သို့မဟုတ် သဘောထားမှတ်ချက်များနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်ရန် တာဝန်ရှိသူတစ်ဦးက ရည်ရွယ်ချက်ရှိရှိပျက်ကွက်ပါက ယူကရိန်းနိုင်ငံ၏ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ ရာထူးတွင် တာဝန်ထမ်းဆောင်ခွင့် အခွင့်အရေးကို ဖယ်ရှားခြင်းနှင့်အတူ ၃ နှစ်မှ ၈ နှစ်အထိ ထောင်ဒဏ်ထိုက်သင့်ခြင်း သို့မဟုတ် အဆိုပါရာထူးတွင် ဆက်လက်တာဝန်ထမ်းဆောင်နိုင်မှု အခွင့်အရေးကို ၃ နှစ်အထိ ဖယ်ရှားသည့် ပြစ်ဒဏ်ခံရမည်။ ယင်းပြစ်မှုကို ပြည်တွင်းဥပဒေအရ ကြီးလေးသော ရာဇဝတ်မှု (serious crime) အဖြစ်သတ်မှတ်ထားသည်။

ယနေ့အထိ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များကို လိုက်နာဆောင်ရွက်ရန် သို့မဟုတ် သဘောထားမှတ်ချက်များနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်ရန် တာဝန်ရှိသူများက ရည်ရွယ်ချက်ရှိရှိဖြင့် ပျက်ကွက်ခဲ့မှုအတွက် တရားရုံးက အရေးယူဆောင်ရွက်မှုများ မရှိသေးပေ။

**၉-၂။ တရားရုံး၏တရားစီရင်ရေးဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် လက်တွေ့ကျင့်သုံးမှုများ**

(က) တရားရုံးတရားစီရင်ရေးဆောင်ရွက်ချက်များ၏ စည်းနှောင်မှုရှိခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသည် ဥပဒေအရလိုက်နာရမည့် စည်းမျဉ်းစည်းကမ်း (some kind of ratio decidendi = အောက်တရားရုံးများက လိုက်နာဆောင်ရွက်ရမည့် ဥပဒေစည်းမျဉ်းစည်းကမ်းများ) ကို ပြဋ္ဌာန်းခဲ့သည်။

ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များ သို့မဟုတ် သဘောထားမှတ်ချက်များကို ချမှတ်ရာတွင် အဆိုပါစီရင်ချက်များနှင့် သဘောထားမှတ်ချက်များတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများပါဝင်သည့်အတွက် လိုက်နာဆောင်ရွက်ခြင်းဆိုင်ရာ ယေဘုယျလိုအပ်ချက်များဖြင့် ပယ်ဖျက်ခြင်း သို့မဟုတ် အစားထိုးခြင်း မပြုနိုင်ပေ။ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များ သို့မဟုတ် သဘောထားမှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းအတွက် အထူးလုပ်ထုံးလုပ်နည်းများကို မထိခိုက်စေဘဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ကြေညာထားသော ဥပဒေများ၊ ဥပဒေကဲ့သို့သောအက်ဥပဒေများ သို့မဟုတ် သီးခြားပြဋ္ဌာန်းချက်များကို ယူကရိန်းနိုင်ငံဖွဲ့စည်း

ပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိဟု စီရင်ချက်ချမှတ်သည့်နေ့မှစ၍ အသုံးပြုနိုင်ခြင်းမရှိတော့ပေ။

ယူကရိန်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များကို လိုက်နာဆောင်ရွက်ရန်တာဝန်သည် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ လိုအပ်ချက်အရဖြစ်သည်။ အဆိုပါလိုက်နာရမည့်တာဝန်သည် ပြဋ္ဌာန်းချက်များ၊ ဥပဒေကဲ့သို့ အာဏာရှိသော ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ပြဿနာများကို ဖြေရှင်းရန်အတွက် တရားရုံးသို့ ပေးအပ်ထားသည့် ဥပဒေအမြင့်ဆုံးအာဏာအဖြစ် လိုက်နာရသည့်တာဝန်ဖြစ်သည်။ အဆိုပါလိုက်နာရမည့် တာဝန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ကြေညာထားသည့် သီးခြားပြဋ္ဌာန်းချက်များ (individual provisions)သည် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၃ ပါ ပြန်လည်ပြင်ဆင်ခြင်းနည်းလမ်းအတိုင်း နောက်ပိုင်းတွင် ပြန်လည်ပြင်ဆင်ခဲ့ရသည့် ကိစ္စမှတစ်ပါး သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ် (ပါလီမန်၊ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖွဲ့အပါအဝင်)က ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိဟု ကြေညာပြီးဖြစ်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ပြန်လည်အသက်ဝင်စေခြင်းကိုလည်း ပိတ်ပင်ခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈ အပိုဒ်ခွဲ ၂ အရ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ကြေညာထားသည့် ဥပဒေတစ်ရပ်ကို ပြန်လည်အသက်သွင်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိသည့် ဥပဒများဖြစ်သည်ဟု အခိုင်အမာပြောဆိုသူအတွက် ခုခံခြေပချက်တစ်ရပ်ဖြစ်သည်။

(ခ) လွန်ခဲ့သော ၄ နှစ်ကျော်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ချမှတ်ခဲ့သည့် စီရင်ချက်များအား စီရင်ထုံးပြုထားခြင်းအပေါ် လေ့လာရာတွင် ထိုကာလအတွင်း တရားရုံးသည် ယေဘုယျအားဖြင့် ၎င်း၏စီရင်ချက်များနှင့် သဘောထားမှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အတွက် အကြံပြုချက်တစ်စုံတရာမပါဝင်ဘဲ စီရင်ချက်များကို ချမှတ်ခဲ့သည်။ ယင်းအမှုများတွင် စီရင်ချက်များနှင့် သဘောထားမှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်အလို့ငှာ ပါလီမန်နှင့် အခြားသက်ဆိုင်ရာအာဏာပိုင်များက ၎င်းတို့ကိုယ်တိုင်လျော်ကန်သော အရေးယူမှုကို ဆောင်ရွက်ရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအနေဖြင့် အချို့သောစီရင်ချက်များတွင်မူ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပါလီမန်နှင့် အခြားသက်ဆိုင်ရာအာဏာပိုင်များကို တည်ဆဲဥပဒေများနှင့် အခြားနည်းဥပဒေများပါ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်စေခြင်း၊ ကွဲလွဲချက်များကိုဖယ်ရှားရန် သို့မဟုတ် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန် အကြံပြုချက်များကို စီရင်ချက်တွင် ထည့်သွင်းချမှတ်ပေးသည်။ တရားရုံး၏

နှစ်ပတ်လည်အစီရင်ခံစာတွင်ပါရှိသော အချက်အလက်အရ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏စီရင်ချက်များကို သက်ဆိုင်သူများက အလုံးစုံလိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း ထပ်တလဲလဲ ဖော်ပြခဲ့သည်။ တစ်ချိန်တည်းမှာပင် တရားရုံးသည် စီရင်ချက်များကို လိုက်နာဆောင်ရွက်ရန်အလို့ငှာ လိုအပ်သော ဥပဒေမူကြမ်းများကို ပါလီမန်သို့ပေးပို့ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၏ အပြုသဘောဆောင်သော လက်တွေ့ကျင့်သုံးမှုသည် မှတ်သားထားထိုက်ပါသည်။

သာဓကအားဖြင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ရမန်နှင့်စပ်လျဉ်းသည့် ချုပ်ရက်တိုးမြှင့်ခြင်းအပေါ် မူလတရားရုံး၏ ဆုံးဖြတ်ချက်ကို အချိန်နှင့်တစ်ပြေးညီ အယူခံဝင်ရောက်နိုင်ခြေမရှိဟုပြဋ္ဌာန်းထားသည့် ယူကရိန်းနိုင်ငံ၏ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အပိုဒ် ၃၉၂ အပိုဒ်ခွဲ ၂ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု စီရင်ချက်အမှတ် 4-r/2019 တွင် ချမှတ်ခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အထက်ပါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအား ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်နှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း၊ အဆိုပါ ဥပဒေကိုပြင်ဆင်ရန် ပါလီမန်သို့ တောင်းဆိုခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက စွပ်စွဲခံရသူတစ်ဦး (မူလတရားရုံး၏ ရှေ့မှောက်တွင် ပြစ်မှုစီရင်နေစဉ် အတောအတွင်း အချုပ်တွင် ရမန်ဖြင့် ချုပ်နှောင်ခံထားရသော စွပ်စွဲခံရသူတစ်ဦး)၏ လွတ်လပ်ခွင့်ကို အာမခံရန် ပါလီမန်သို့ တောင်းဆိုခဲ့သည်။ ပါလီမန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်ကို လိုက်နာဆောင်ရွက်ရန်အလို့ငှာ ယူကရိန်းနိုင်ငံ၏ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက် အတော်များများကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း၍ ပြင်ဆင်ခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဧပြီ ၂၄ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ယူကရိန်းနိုင်ငံ အကျဉ်းထောင်စုံစမ်းစစ်ဆေးသူများက အကျဉ်းထောင်နယ်နိမိတ်တွင်သို့မဟုတ် ဥပစာ ( its territory or in its premises ) တွင်ကျူးလွန်သော ရာဇဝတ်မှုများကို အကြိုစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းနှင့်စပ်လျဉ်းသည့် ယူကရိန်းနိုင်ငံ၏ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အပိုဒ် ၂၁၆ အပိုဒ်ခွဲ ၆ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း စီရင်ချက်အမှတ် 3-r/2018 တွင် ချမှတ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အရလည်းကောင်း၊ ၎င်း၏စီရင်ချက်နှင့်လည်းကောင်း ညီညွတ်မှုရှိစေမည့် ဥပဒေကိုပြဋ္ဌာန်းရန် ပါလီမန်သို့ တောင်းဆို

ခဲ့သည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့တွင် ပါလီမန်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေမှ အဆိုပါပြဋ္ဌာန်းချက်များကို ဖယ်ထုတ်သည့် ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး၊ ဖော်ပြပါ ရာဇဝတ်မှုများကိုစုံစမ်းစစ်ဆေးခြင်းအား နိုင်ငံတော်ရဲတပ်ဖွဲ့၏စီရင်ပိုင်ခွင့်သို့ လွှဲအပ်ပေးခဲ့ သည်။

**နိဂုံး**

ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကချမှတ်သော စီရင်ချက်များနှင့် သဘောထားမှတ်ချက်များသည် ၎င်းတို့ကို လိုက်နာဆောင်ရွက်ရန်အတွက် သီးခြားလုပ်ထုံး လုပ်နည်း များကို ပြဋ္ဌာန်းထားသည်ဖြစ်စေ၊ ပြဋ္ဌာန်းမထားသည်ဖြစ်စေ စည်းနှောင်မှုရှိရမည်။ တရားစီရင်ရေးဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ခြင်းသည် စီရင်ချက်နှင့် သဘော ထားမှတ်ချက်များပါ အကြောင်းအရာအပေါ် မူတည်သည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ညီညွတ်မှုရှိသော ဥပဒေနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ၏စီရင်ချက်ကို လိုက်နာဆောင်ရွက်ခြင်းသည် ၎င်းဥပဒေကို ဆက်လက်ကျင့်သုံးစေခြင်းပင် ဖြစ်သည်။ ဥပဒေတစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိဟု ကြေညာခြင်းသည် ၎င်းဥပဒေကို ကျင့်သုံးခြင်းမှ အလိုအလျောက်ဖယ်ရှားခြင်းဖြစ်ပြီး တရားရုံး၏ စီရင်ချက်များ ကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ပါလီမန် သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အစည်းများသည် တရားရုံး၏ စီရင်ချက်အတိုင်း သက်ဆိုင် ရာစည်းမျဉ်းများကို ကောင်းစွာလိုက်နာပြင်ဆင်ရန် အမြဲတစေ ဆောင်ရွက်ခြင်းမရှိကြောင်း သည်လည်း ဤစာတမ်းတွင်ဖော်ပြသင့်သည့် ကိစ္စဖြစ်သည်ဟုဆိုပေသည်။

လက်ရှိစည်းမျဉ်းဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏ စီရင်ချက်များနှင့် သဘောထားမှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် အတင်းအကြပ် ပြုပိုင်ခွင့်အာဏာမရှိပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများကို ၎င်း၏စီရင်ချက်အား လိုက်နာဆောင်ရွက်ရန် သို့မဟုတ် ၎င်း၏သဘော ထားမှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်အတွက် စာဖြင့်တောင်းဆိုရန်သာ အခွင့်အာဏာ ရှိကြောင်း စာတမ်းတွင် ဖော်ပြထားပါသည်။

## ၁၀။ လေ့လာတွေ့ရှိချက်

ယူကရိန်းနိုင်ငံသည် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသော နိုင်ငံဖြစ်ပြီး Civil Law Legal စနစ်ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဥပဒေပြုအဖွဲ့တွင် Verkhovna Rada ဟုခေါ်သော ဥပဒေပြု ပါလီမန်တစ်ခုသာရှိသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံ၏အကြီး အကဲဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်သည်။ ယူကရိန်းနိုင်ငံ၏ တရား စီရင်ရေးစနစ်တွင် တရားလွှတ်တော်ချုပ်သည် အမြင့်ဆုံးဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ

ဆိုင်ရာတရားရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်တမ်းမှာ ၉ နှစ်ဖြစ်သည်။ ၉ နှစ်သက်တမ်းအတွက် ၁ ကြိမ်သာရွေးချယ်ခံပိုင်ခွင့်ရှိကြောင်းတွေ့ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များနှင့် သဘောထားမှတ်ချက်များသည် စည်းနှောင်မှုရှိပြီး အပြီးသတ်ဖြစ်ရမည့်အပြင် အယူခံပိုင်ခွင့်မရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်နှင့် သဘောထားမှတ်ချက်များကို တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ချက်များအဖြစ် ဖော်ပြထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတိုင်းသည် မိမိတို့၏ စီရင်ချက်များနှင့် သဘောထားမှတ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ စီရင်ဆုံးဖြတ်ကြောင်းတွေ့ရှိရသည်။ တရားရုံးများ၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား လိုက်နာဆောင်ရွက်ခြင်းကို အဓိကဖော်ပြခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၏ စီရင်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည့် တာဝန်သည် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ တာဝန်ပင်ဖြစ်သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ယခုစာတမ်းပါ ဖော်ပြချက်များအရ ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်နှင့် သဘောထားမှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိ ကို တရားရုံးက စောင့်ကြည့်စစ်ဆေးသည့် ယန္တရားလည်းတည်ထောင်ထားကြောင်း တွေ့ရှိရသည်။ တင်ပြပါစာတမ်းတွင် တရားရုံး၏ စီရင်ချက်နှင့် သဘောထားမှတ်ချက်များကို လိုက်နာဆောင်ရွက်သည့် အမှုများကိုလည်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

တရားရုံးအနေဖြင့် ၎င်းတို့၏ စီရင်ချက်နှင့် သဘောထားမှတ်ချက်များကို လိုက်နာဆောင်ရွက်စေရန် အတင်းအကြပ်ဆောင်ရွက်ပိုင်ခွင့်အာဏာ မရှိကြောင်းတွေ့ရှိရပါသည်။ တရားရုံး၏ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအတွက် ပြစ်မှု၊ ပြစ်ဒဏ်များကို သတ်မှတ်ထားသော်လည်း လက်တလောတွင် တရားစွဲဆို အရေးယူဆောင်ရွက်ခြင်းမရှိသေးကြောင်းကိုလည်းလေ့လာတွေ့ရှိရပါသည်။

## ကျမ်းကိုးစာရင်း


၁။ https://en.wikipedia.org/wiki/Constitutions_of_the_Ukrainian_Soviet_Socialist_Republic#Constitution of 1991

၂။ https://en.wikipedia.org/wiki/Law_of_Ukraine

၃။ https://ccu.gov.ua/en/novian/constitutional-court-ukraine-3

၄။ https://en.wikipedia.org/wiki/Constitutional Court of Ukraine

၅။ The Constitution of Ukraine 1996

၆။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ (၃)၊ ၂၀၂၁ ခုနှစ်


## ခက်ဆစ်အဓိပ္ပာယ်များ

Judicial acts - တရားစီရင်ရေးဆောင်ရွက်ချက်များ

(Judgment of the Court is a Judicial acts)

Enforced - လိုက်နာစေခြင်း

The law - ယူကရိန်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဥပဒေ

Execution of Judgment - စီရင်ချက်အားလိုက်နာဆောင်ရွက်ခြင်း

Compliance with opinion - သဘောထားမှတ်ချက်နှင့်အညီလိုက်လျောညီထွေဆောင်ရွက်ခြင်း

Legal acts - ဥပဒေကဲ့သို့ အာဏာရှိသည့် ပြဋ္ဌာန်းချက်များ၊ ဆောင်ရွက်ချက်များ

Congress of Judges - တရားသူကြီးများအစုအဖွဲ့